# ရှင်နွယ်ဟာန်

## ပွင့်လန်းလာမည့် ပန်းကလေး



# "ပွင့်လန်းလာမည့် ပန်းကလေး"

## အခန်း(၁)

ညနေခင်းရဲ့ နေဆည်းဆာက တဖြည်းဖြည်းနဲ့ တိမ်ထဲသို့ ဝင်သွားခဲ့ချေပြီ။ ထင်ရှူးပင်ကြီးတွေရဲ့ အောက်မှာ တော့ ချိုချိုသဲဆိုတဲ့ ကလေးမလေး တစ်ယောက် သစ်ကိုင်းခြောက် ငယ်လေးများကို လိုက်လံရှာဖွေကာ စုစည်းနေလိုက်သည် ။ ဆောင်းရာသီ ဖြစ်နေပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်လေးမှာ ချွေးစ ချွေးနလေးများ ထွက်နေသည် ။ ချိုချိုသဲဆိုတဲ့ ကလေးမလေးဟာ အသက်အားဖြင့် ရှစ်နှစ်ခန့်သာ ရှိသေး၏။ ချိုသဲလေးသည် ထင်းခြောက်တွေ များ လာသည် နှင့် ခဏနားကာ ပုဆိုးစုတ်ဖြင့် နဖူးမှ ကျလာသော ချွေးစက်များကို သုတ်နေလိုက်သည် ။ ရွာထဲမှ ဖြတ်သွားသော အရီးလေး တင်မြက ချိုသဲကို မြင်သွားကာ "ဟယ် သမီးချိုသဲလေး မပြန်သေးဘူးလားကွယ် ခဏနေရင် မှောင်လာတော့မှာ "

"ဟုတ်ကဲ့ပါ အရီးလေး ချိုလေး ခဏနားပြီးရင် ပြန်မှာ ပါ"

"သေချာလေး ပြန်ဦးနော် ဒါဆို အရီးလေး သွားပြီနော်"

"ဟုတ် အရီးလေး"

အရီးလေး ထွက်သွားပြီး ခဏကြာတော့ ချိုသဲလေးလည်း ထင်းစည်းခြောက်ကို ခေါင်းပေါ်ရွက်ကာ အိမ်သို့ ပြန်ခဲ့လိုက်တော့သည် ။ အိမ်ပြန်ရောက်တော့ အိမ်ပေါက်ဝမှာ ချိုသဲလေးအား ခါးထောက်ကာ

ဆီးကြိုနေသော ဒေါ်လေးဖြစ်သူအား မြင်တွေ့လိုက်ရသည် ။ ချိုသဲလေး လည်း ထင်းစည်းကို ထင်းပုံတွေနား သွားချထားလိုက်သည် ။

"ဟဲ့ မိချိုသဲ ပြန်လာတာ နောက်ကျလှချည်လား မှန်မှန်ပြောစမ်း နင် ဘယ်တွေ သဝေထိုးနေတာလဲ နေ့လယ်ကတည်းက သွားတာကို ထင်း က ဒါပဲရခဲ့တာလား ပြောစမ်း"

"သမီး ဘယ်မှ သဝေမထိုးပါဘူး ဒေါ်လေး ပြီးတော့ ထင်းခြောက် တွေက သိပ်မရှိလို့ ပါ"

"ဘာလို့ မရှိရမှာ လဲ ဘာလဲနင်က ရေသာခိုပြီး အဲဒီမှာ သွားအိပ်နေ တာပေါ့ ဟုတ်လား"

ပြောပြောဆိုဆို ဒေါ်လေးဖြစ်သူက ချိုသဲလေးရဲ့ ဗိုက်ခေါက်ကို လိမ် ဆွဲကာ မေး လာလေသည် ။ ချိုသဲလေးရဲ့ မျက်လုံးအိမ်ထဲမှ မျက်ရည် လေးများ ပိုးပိုးပေါက်ပေါက် ကျလာရင်း-

"အီး ဟီး ဟီး အဟင့် ချိုလေး မအိပ်ပါဘူး တကယ် ပြောတာပါ"

"တိတ်စမ်း ပြောလိုက်ရင် အရည်က ကျ လာပြီ သုတ်ပစ် နင့်မျက်ရ ည်တွေ ငါမမြင်ချင်ဘူး"

"ဟုတ်"

ဒေါ်လေးဆိုတာ ချိုသဲဦးလေးရဲ့ မိန်းမ ဖြစ်သည် ။ ဦးလေးရှိစဉ်က ချိုသဲဘဝ ကောင်းစားခဲ့ပေမဲ့ ဦးလေး မရှိတော့တဲ့ နောက်ပိုင်းမှာ တော့ ချိုလေးဘဝ နေ့တိုင်းလိုလို ငရဲကျသလို ခံစားနေရသည် ။

ချိုသဲလေးလည်း သူ့လက်ဖဝါး နုနုလေးနဲ့ ပါးပြင်ပေါ်မှ မျက်ရည် များကို သုတ်ပစ်လိုက်သည် ။

"ဟွန့် မအေသမီးမအေ အတိုင်းပဲ"

ဒေါ်လေးပြောတဲ့ ချိုသဲရဲ့ အမေဆိုတာ ချိုသဲတစ်ခါမှ မမြင်ဖူးပါ။ ဒေါ်လေးဆီကတော့ အမေ့အကြောင်း ခဏခဏ ကြားရတတ်သည် ။ ကောင်းသော ကြားခြင်းတွေနဲ့ မဟုတ်။ ဆိုးသော ကြားခြင်းတွေ ဖြစ်သည် ။ ဒေါ်လေးဆီက ခဏခဏ ကြားနေရတဲ့ စကားတစ်ခွန်းက "နင့်အမေက နင့်ကို မွေးပြီးပြီးချင်း သူ့လင်ငယ်နောက် လိုက်သွားတာလေ ဟွန့် ဘာကြာလို့ လဲ နောက်ပိုင်းရောဂါရပြီး သေတာပဲလေ"

ခဏခဏ ကြားနေရတော့ ချိုသဲအတွက် ရိုးနေပြီဖြစ်သည် ။

ဒါပေမဲ့ ချိုသဲရဲ့ မသိစိတ်ထဲမှာ တော့ အမေ့ကို သတိရ တမ်းတမိသည် ။ အမေသာ တကယ်လို့ ချိုသဲအနားမှာ ရှိနေရင် ချိုသဲ ဒီလိုတွေလုပ်ရမှာ မဟုတ်ဘူး ။

"ဟဲ့ ညဦးကဒီမှာ ဘာရပ်လုပ်နေတာလဲ ဟိုမှာ တွေ့လား ရေကန်နားမှာ အဝတ်တွေ စိမ်ထားတယ် သွားလျှော်ချေ"

"ဒေါ်လေး သမီးမနက်ဖြန်မှ လျှော်ပေးလို့ ရမလား ခုမှောင်နေပြီ ဆိုတော့"

"အမယ် အလုပ်က မလုပ်ရသေးဘူး မှောင်တာတွေ ဘာတွေနဲ့ မရှည်နဲ့ သွားလျှော်ကြားလား"

"ဟုတ်"

ချိုသဲလေး တစ်ယောက် ဒေါ်လေးအနားမှ ထွက်လာကာ ရေကန်အနားတွင် ဇလားနဲ့ ထည့်စိမ်ထားသော အဝတ်များကို တစ်ထည်ပြီး တစ်ထည် လျှော်နေလိုက်သည် ။ ခြင်းများကလည်း တဝီဝီပျံသန်းကာ ချိုသဲလေးရဲ့ ခန္ဓာကိုယ်အနှံ့ ဝိုင်းကိုက်နေ ကြတော့သည် ။

"ခြင်လေးတွေရေ ဝေးဝေး သွားကြပါနော်"

တစ်ယောက်တည်း စကားပြောလိုက် အဝတ်တွေလျှော်လိုက် လုပ်နေသည် ။ အားလုံး လျှော်ပြီးတော့ တစ်ခါတည်း လှန်းထားလိုက်သည် ။ အဝတ်လှန်းပြီးတော့ ခြေလက်များ ဆေးပြီး အိမ်ပေါ် တက်ခဲ့လိုက်သည် ။ သူ့ကိုမြင်တော့ ဒေါ်လေးက

"အဝတ်တွေအကုန် လျှော်ပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"ရော့ ထမင်းစား"

ချိုသဲလေးရှေ့သို့ ထမင်းတစ်ဇလုံ လာချပေးသည် ။ ဟင်းမှာ ပဲသီးကြော်လေးနဲ့ ငပိထောင်း ဖြစ်သည် ။ ချိုသဲလည်း ဗိုက်ဆာဆာနဲ့ စားလိုက်တော့သည် ။ ချိုသဲလေး ဒီလိုပဲစားနေရတာ ဘယ်နှရက်မှန်း မရေတွက် နိုင်တော့ပါချေ။ ထမင်းစားပြီး ခဏနေတော ဒေါ်လေးကို နှိပ်ပေးလိုက်သည် ။ ဒေါ်လေးကို နှိပ်ပေးပြီးတော့ ချိုသဲအိပ်ရာဝင်ကာ အိပ်လိုက်တော့သည် ။

***